
NSW GOVERNMENT | Education




# အလုပ်ခွင်တွင် လေ့လာသင်ယူခြင်း မိဘများနှင့် ပြုစုစောင့်ရှောက်သူများအတွက် သတင်းအချက်အလက်များ

**Workplace Learning**
**Information for Parents and Carers**

Burmese

အလုပ်ခွင်တွင် လေ့လာသင်ယူခြင်း အစီအစဉ်များ အောင်မြင်ရေးအတွက် မိဘများနှင့် ပြုစုစောင့်ရှောက်သူများ၏ အခန်းကဏ္ဍသည် အဓိကကျသည်။ လိုအပ်သောအကူအညီများပေးခြင်းဖြင့် အနာဂတ်အတွက် အရေးကြီးသော ဆုံးဖြတ်ချက်များကို သင်၏ကလေးများက ကိုယ်တိုင်ချမှတ်ရာတွင် အထောက်အကူ ဖြစ်စေပြီး အလုပ်ခွင်မှ အတွေ့အကြုံများကို အကောင်းဆုံး အသုံးချလာနိုင်မည်။

## Workplace Learning (အလုပ်ခွင်တွင် လေ့လာသင်ယူခြင်း)

အလုပ်ခွင်တွင် လေ့လာသင်ယူခြင်း အစီအစဉ်များသည် NSW အထက်တန်းကျောင်း သင်ရိုးညွှန်းတမ်းများ၏ အစိတ်အပိုင်းဖြစ်သည်။ ထိုအစီအစဉ်များသည် ကလေးများအတွက် အလုပ်ခွင်တွင် အချိန်ကာလတစ်ခုရရှိရန် စနစ်တကျ စီစဉ်ထားခြင်းဖြစ်သည်။ ထိုအတွေ့အကြုံက ကလေးများ၏ စာသင်ခန်းအတွင်းသင်ယူမှုကိုလည်းကောင်း၊ ၎င်းတို့၏ဘဝတွင် အသက်မွေးဝမ်းကျောင်းအလုပ်များ ရွေးချယ်ရာတွင်လည်းကောင်း၊ ကျွမ်းကျင်မှုများ ရရှိစေရန်လည်းကောင်း အထောက်အကူဖြစ်စေသည်။ အခကြေးငွေ ပေးစရာမလိုပါ။

## အလုပ်ခွင်တွင် လေ့လာသင်ယူခြင်း၏ အကျိုးကျေးဇူးများ

အလုပ်ခွင်တွင် လေ့လာသင်ယူခြင်းသည် ကျောင်းသားများကို အောက်ပါတို့အတွက် အကျိုးဖြစ်စေသည်။

- အလုပ်ခွင်အတွင်းဆက်သွယ်ဆောင်ရွက်ခြင်းနှင့် တစုတစည်းနှင့် စုပေါင်းဆောင်ရွက် တတ်ခြင်း စသည့် အလုပ်ခွင်ဆိုင်ရာ ယေဘုယျကျွမ်းကျင်မှုများ ရရှိခြင်း။
- Vocational Education and Training (အသက်မွေးဝမ်းကျောင်းပညာရေးနှင့် သင်တန်း) (VET) အစီအစဉ်များနှင့် ဆက်စပ်၍ ပညာရပ်ကျွမ်းကျင် တတ်မြောက်မှုများ ရရှိလာနိုင်ခြင်း။
- ကျောင်းပြီးသွား၍ ဆက်လက် လေ့လာမည့် ဘာသာရပ်များနှင့် မိမိတို့ကိုယ်ပိုင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းအတွက် အစီအစဉ်ချရာတွင် စနစ်တကျ ဆုံးဖြတ် နိုင်ခြင်း။

## အလုပ်ခွင်တွင် လေ့လာသင်ယူခြင်း အစီအစဉ်များ

**အလုပ်ခွင်အတွေ့အကြုံသည်** များသောအားဖြင့် ၉ တန်း သို့မဟုတ် ၁၀ တန်း နှစ်တွင် စတင်ကြုံတွေ့ရပြီး ၁၁ တန်း၊ ၁၂ တန်း နှစ်တွင် အခွင့်အလမ်းများ ရရှိလာသည်။ "အလုပ်ခွင် လောက" နှင့် မိမိအတွက် သင့်တော်မည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းသို့ စတင် မိတ်ဆက်ပေးခြင်းဖြစ်သည်။ ကျောင်းသားများအား ၎င်းတို့၏ ကျွမ်းကျင်မှု အဆင့်နှင့် သင့်တော်သည့် တာဝန်များကို ဆောင်ရွက်စေခြင်းဖြစ်သည်။

**အလုပ်တာဝန်ချထားမှု** အစီအစဉ်များသည် Higher School Certificate (အထက်တန်းကျောင်း လက်မှတ်ရ) (HSC စက်မှုလုပ်ငန်းအသိအမှတ်ပြု သင်တန်းများသို့ တက်ရောက်ရန် စာရင်းပေးသွင်းထားသူများ အတွက် ရည်ရွယ်စီစဉ်ထားခြင်းဖြစ်သည်။ ၎င်းတို့ တာဝန်ကျသည့်နေရာများတွင် စက်မှုစံနှုန်းများ ရရှိစေရန် သင်ယူရင်း လေ့ကျင့်ရသည်။ အလုပ်တာဝန်ချထားမှုသည် HSC ၏ စက်မှု သင်ရိုးညွှန်းတန်းအညွှန်းဘောင် သင်တန်းများ အတွက် မဖြစ်မနေရ ဘာသာရပ် ဖြစ်သည်။ ကျောင်းသည် Work Placement Service Provider (အလုပ်တာဝန်ချထားမှု ဝန်ဆောင်မှု လုပ်ငန်း) မှတစ်ဆင့် အလုပ်ခွဲဝေမှုများကို စီစဉ်သည်။

## သယ်ယူပို့ဆောင်ရေး အစီအစဉ်များ

အလုပ်တာဝန်ချထားမှုအများစုသည် နေအိမ်မှ အသွားအပြန်လုပ်နိုင်သော နေရာများတွင် တည်ရှိသည်။

ခရီးသွားစရိတ် အားလုံးကို ကျောင်းသားက ကျခံရသည်။ မိဘများက မိမိတို့သားသမီးများ၏ အလုပ်တာဝန်ကျသည့် ကာလအတွင်း ခရီးစရိတ်များကို ထောက်ပံ့ရမည် ဖြစ်ပြီး ခရီးသွားလာနိုင်ရန်လည်း စီစဉ်ပေးရမည်။

စိုးရိမ်စရာရှိပါက မိမိကလေးနှင့်ဖြစ်စေ၊ အစီအစဉ်မှူးနှင့်ဖြစ်စေ ဆွေးနွေးနိုင်ပါသည်။

မှတ်ချက်။ သင်၏ကလေးကို အိမ်နှင့်ဝေးရာ သို့မဟုတ် အခြားပြည်နယ်သို့ ပို့လွှတ်ရမည် ဆိုပါက သင့်ကလေး၏ ကျောင်းနှင့် ပထမ ဆက်သွယ်သင့်သည်။ ကျောင်းအုပ်က ထိုတာဝန်ချထားမှုကို အတည်မပြုမီ စာရွက် စာတမ်းတစ်ချို့ထပ်မံ ဖြည့်သွင်းရမည် ဖြစ်သည်။

## ကျောင်းသားများ၏ လုံခြုံမှုနှင့် အရေးပေါ် အခြေအနေများ

ကျောင်းသားများ၏လုံခြုံရေးနှင့် အကာအကွယ် ပေးရေးမှာ NSW Department of Education ၏ ပထမ ဦးစားပေးဖြစ်သည်။

အလုပ်တာဝန်ကျနေစဉ်ကာလ အတွင်း ကလေးတွင် ကျန်းမာရေးနှင့် လုံခြုံမှုဆိုင်ရာ ပြဿနာ တစ်ခုခု ပေါ်ပေါက်ပါက ဖြစ်လုဖြစ်ခင် အခြေအနေပင ဖြစ်စေ အလုပ်ရှင်က ကျောင်းသို့ချက်ချင်း အကြောင်းကြားရမည်။ အလုပ်ရှင်အများစုသည် TAFE သို့မဟုတ် ပုဂ္ဂလိက သို့မဟုတ် ရပ်ရွာ အဖွဲ့အစည်းများ၏ အစီအစဉ်ဖြစ်ပါက ၎င်းတို့ကို အကြောင်းကြားရမည်။

https://education.nsw.gov.au/teaching-and-learning/curriculum/career-learning-and-vet/workplace-learning/keeping-students-safe

ကလေးများ၏ ကျန်းမာရေးစောင့်ရှောက်မှုနံပါတ် (သို့မဟုတ် ဆရာဝန်၏ ဖုန်းနံပါတ်)နှင့် သတ်မှတ်ထားသော ဆက်သွယ်ရန် ဖုန်းနံပါတ်များပါဝင်သော Student Contact Card (ကျောင်းသားများဆက်သွယ်မှုကဒ်ပြား) ကို အလုပ်ချိန်အတွင်း အပတွင် ကလေးများ အမြဲ သယ်ဆောင်ရမည်။ ထိုအချက်အလက်များသည် အရေးပေါ်အခြေအနေအတွက် အလွန် အရေးကြီးသည်။

ကျောင်းသားများသည် လုံခြုံမှုနှင့်ပတ်သက်သော စိုးရိမ်စရာကိစ္စ၊ အန္တရာယ်၊ အဖြစ်အပျက် တစုံတရာ ရှိပါက အလုပ်ရှင်၊ ကျောင်း၊ TAFE သို့မဟုတ် ပုဂ္ဂလိက သို့မဟုတ် ရပ်ရွာက မှတ်ပုံတင်ထားသော သင်တန်းဌာနများကို (၂၄) နာရီအတွင်း အမြန်ဆုံးအကြောင်းကြားရမည်။ သင်၏ကလေးအတွက် စိုးရိမ်စရာတစ်ခုခုရှိလျှင်၊ ဒဏ်ရာတစ်ခုခုရထားလျှင်၊ အန္တရာယ်ရှိသည်ဟု ခံစားမိလျှင်၊ ထိုသို့ဖြစ်နေကြောင်း အလုပ်ရှင်သို့ အကြောင်းကြားရန် မဖြစ်နိုင်လျှင် ကျောင်း သို့မဟုတ် အရေးပေါ်ဆက်သွယ်ရန်ဖုန်းနံပါတ်သို့ ချက်ချင်း ဆက်သွယ်အကြောင်းကြားရမည်။

## အာမခံကြေးနှင့် လျော်ကြေး

အသိအမှတ်ပြု အလုပ်ခွင်လေ့လာသင်ယူမှု တစ်ခုတွင် ပါဝင်ဆောင်ရွက်ရင်း ထိခိုက် ဒဏ်ရာရသော ကျောင်းသားများအတွက် ဌာနတွင် အာမခံအစီအစဉ်များရှိသည်။ ပိုမို၍ သိလိုပါက အောက်ပါလိပ်စာသို့သွားရောက်၍ Workplace Learning Guide for Parents and Carers ကိုကြည့်ပါ။

https://education.nsw.gov.au/teaching-and-learning/curriculum/career-learning-and-vet/workplace-learning/guides-and-forms

## မသန်စွမ်းကလေးများ သို့မဟုတ် ဆေးဝါးကုသနေရသော ကလေးများ

သင့်ကလေး၏ မသန်စွမ်းမှု၊ သင်ယူမှုလိုအပ်ချက်၊ ဆေးဝါးကုသနေရမှု အခြေအနေ (ဥပမာ- ဓါတ်မတည့်မှုများ) သို့မဟုတ် အလုပ်ခွင်အတွင်း သင့်ကလေး၏ လုံခြုံမှု၊ နေထိုင်စားသောက်မှုနှင့် ထိန်းသိမ်းစောင့်ရှောက်မှုအပေါ် သက်ရောက်မှု ရှိစေသည့် ထိန်းချုပ်ဟန့်တားမှုများ အကြောင်းကို အလုပ်ရှင်၊ ကျောင်း၊ TAFE သို့မဟုတ် ပုဂ္ဂလိက သို့မဟုတ် ရပ်ရွာက မှတ်ပုံတင်ထားသော သင်တန်းဌာနများအား အကြောင်းကြားရမည်။

ကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်များကို အလုပ်ရှင်များခံစားရရှိနိုင်ရန် လိုအပ်သည်။ မသေချာပါက ကလေး၏ အထွေထွေရောဂါကု ဆရာဝန်ကို မေးမြန်းပါ။

အလုပ်ခွင်တွင် သင့်ကလေး၏ လိုအပ်ချက်များအား အထောက်အကူဖြစ်စေရန် အတွက် ညှိနှိုင်းစီစဉ်ပေးရန် လိုအပ်ပါက အစီအစဉ်ရေးဆွဲနေသည့် ကာလများအတွင်း TAFE သို့မဟုတ် ပုဂ္ဂလိက သို့မဟုတ် ရပ်ရွာက မှတ်ပုံတင်ထားသော သင်တန်းဌာနများ အပါအဝင် ကျောင်းနှင့် ဆွေးနွေးတိုင်ပင်ပါ။ အဆိုပါသတင်း အချက်အလက်ကို Student Placement Record (ကျောင်းသား၏ အလုပ်ခွဲဝေ ချထားမှုမှတ်တမ်း) တွင် ထည့်သွင်း ထားပါ။

## သတင်းအချက်အလက်များ ထပ်မံသိလိုလျှင်

၁။ သင့်ကလေးအတွက် သင်ယူမှုအစီအစဉ်ကို ရေးဆွဲသော ကျောင်းကို ဆက်သွယ်မေးမြန်းပါ။

၂။ ဌာန၏ ဒေသခွဲရုံးတွင် အလုပ်ခွင်လေ့လာ သင်ယူခြင်းအတွက် တာဝန်ရှိသော Senior Pathways အရာရှိများကို ဆက်သွယ်မေးမြန်းပါ။ ၎င်းတို့အား ဆက်သွယ်ရန်လိပ်စာများကို ကျောင်းတွင် တောင်းယူနိုင်ပါသည်။

၃။ စကားပြန်လိုအပ်ပါက တယ်လီဖုန်းစကားပြန် ဝန်ဆောင်မှုလုပ်ငန်းကို ဆက်သွယ်ရန် 131 450 ကို ဖုန်းဆက်ပါ။

***Senior Pathways, Pathways and Transitions***
*NSW Department of Education*
*seniorpathways@det.nsw.edu.au*